ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
(Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၁၄၈ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဦးဝင်းဗိုလ် (လုပ်ငန်းရှင်) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - အမှတ် (၂၅၄)၊ သုခလမ်း၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း ၀၉ ၇၇၇၈၉၅၅၅၉ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - မြေဧရိယာ (၁) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - ကွင်းအမှတ်-၂၁၊ OSS/ ပခပ်ကြေးတိုင်ပြင်ကွင်း၊ ပကာရီကျေးရွာ၊ ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - စတင်ထုတ်ပေးရက် - ၆-၁၂-၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် - ၅-၁၂-၂၀၂၉ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၏ ၃၁-၇-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/ ၈/ ၇/ (၁၀-၁၃) (၁၉၂၈/၂၀၂၄) ဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)"** |



၁၁-၁-၂၀၂၅

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
( လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန် )
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်း သိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြု ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**ဦးဝင်းမိုလ်မှ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ပကာရီကျေးရွာ၊ ကွင်းအမှတ်-၂၁ OSS/ပခပ်ကြေးတိုင်ပြင်ကွင်း၊ မြေဧရိယာ(၁)ဧကတွင် ဆောင်ရွက်နေသော ကျောက်ထုတ်လုပ်ရေးလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ ဦးဝင်းမိုလ်မှ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ပကာရီကျေးရွာ၊ ကွင်းအမှတ်-၂၁ OSS/ ပခပ်ကြေးတိုင်ပြင်ကွင်း၊ မြေဧရိယာ(၁)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၏ ၃၁-၇-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/၈/၇(၁၁-၀၃) (၁၉၂၈/၂၀၂၄) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးဝင်းမိုလ်၊ လုပ်ငန်းရှင်၊ အမှတ်-(၂၅၄)၊ သုခလမ်း၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း ၀၉ ၇၇၇၈၉၅၅၅၉ ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်အနေဖြင့် အပေါ်ယံမြေစာများကို ဖယ်ရှားပြီး ကျောက်သားများအား အချင်း (၁.၂၅) လက်မရှိ လွန်ချောင်းဖောက်၍ ယမ်းနှင့် ဆက်စပ်ပစ္စည်းများ အသုံးပြုကာ မိုင်းခွဲထုတ်လုပ်မည်ဖြစ်ကြောင်း၊ ထွက်ရှိလာသော ကျောက်တုံးများအား လူအား/ စက်အားဖြင့် (၆"/၉")၊ (၂"/၄")၊ (၁"/၂")အရွယ်အစား လမ်းခင်းကျောက်များရရှိအောင် ကြိတ်ခွဲပြီး ထွက်ရှိလာသော ကျောက်ဆိုဒ်မျိုးစုံအား ဒေသဖွံ့ဖြိုးရေး၊ လမ်း/ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်များသို့ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ရောင်းချမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** ကုန်ကြမ်းပစ္စည်းအသုံးပြုမှုအနေဖြင့် ဝန်ထမ်းအင်အား (၈၁)ဦးဖြင့် တစ်ရက်လျှင် အလုပ်ချိန် (၈)နာရီဖြင့် လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေသုံးစွဲမှုအနေဖြင့် လုပ်ကွက်နှင့် အနီးဆုံးသော တောင်ကျရေ၊ စိမ့်စမ်းရေများမှရယူ၍ (၁)နှစ်လျှင် (၁၁၂,၀၀၀)ဂါလန် သုံးစွဲပါကြောင်း၊ ဒီဇယ်လိုအပ်ချက်အနေဖြင့် တစ်နှစ်လျှင် (၄,၀၀၀) ဂါလန်နှင့် အင်ဂျင်ဝိုင်၊ ဘရိတ်ဆီ လိုအပ်ချက်အနေဖြင့် တစ်နှစ်လျှင် (၃၀၀)ဂါလန် သုံးစွဲမည်ဖြစ်ကြောင်း၊ အသုံးပြုမည့် စက်ယန္တယားများမှာ Backhole (၁)စီး၊ Bucket Loader (၁)စီး၊ ကားကြီး (၁)စီး၊ ကားလေး (၄)စီး၊ ကျောက်ခွဲစက် (၁)လုံး၊ ပေထိုးစက် (၁)လုံး တို့ကို အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** မြေဧရိယာ(၁)ဧက၊ ကွင်းအမှတ်-၂၁ OSS/ ပခပ်ကြေးတိုင်ပြင်ကွင်း၊ ပကာရီကျေးရွာ၊ ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်၊ တနင်္သာရီတိုင်းဒေသကြီးတွင် တည်ရှိပါသည်။

ဦးဝင်းဗိုလ်မှ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ပကာရီကျေးရွာ၊ ကွင်းအမှတ်- ၂၁၀SS/ပခပ်ကြေးတိုင်ပြင်ကွင်း၊ မြေဧရိယာ(၁)ဧကတွင် ဆောင်ရွက်နေသော ကျောက်ထုတ်လုပ်ရေးလုပ်ငန်း၏ တည်နေရာပြမြေပုံ

ကျောက်ထုတ်လုပ်ကွက် တည်နေရာပြမြေပုံ




# ဦးဝင်းဗိုလ်မှ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ပကာရီကျေးရွာ၊ ကွင်းအမှတ်- ၂၁၀SS/ပခပ်ကြေးတိုင်ပြင်ကွင်း၊ မြေဧရိယာ(၁)ဧကတွင် ဆောင်ရွက်နေသော ကျောက်ထုတ်လုပ်ရေးလုပ်ငန်း၏ Layout Plan

ကျောက်ထုတ်လုပ်ကွက်ရှိ Layout Plan ပြမြေပုံ



## ဦးဝင်းဗိုလ်မှ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ပကာရီကျေးရွာ၊ ကွင်းအမှတ်- ၂၁၀SS/ပခပ်ကြေးတိုင်ပြင်ကွင်း၊ မြေဧရိယာ(၁)ဧကတွင် ဆောင်ရွက်နေသော ကျောက်ထုတ်လုပ်ရေးလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ပြပုံ



နောက်ဆက်တွဲ (ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များ နှင့် အထွေထွေစည်းကမ်းများ

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ပကာရီ ကျေးရွာ၊ ကွင်းအမှတ်- ၂၁ OSS/ပခပ်ကြေးတိုင်ပြင်ကွင်း၊ မြေရေိယာ(၁)ကေတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၏ ၃၁-၇-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/၈/၇(၀၁-၀၃) (၁၉၂၈/၂၀၂၄) ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီစဉ်တွင် ဖော်ပြထားသည့် အောက်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်။

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်အနေဖြင့် အပေါ်ယံ မြေစာများကို ဖယ်ရှားပြီး ကျောက်သားများအား အချင်း (၁.၂၅) လက်မရှိ လွန်ချောင်းဖောက်၍ ယမ်းနှင့် ဆက်စပ်ပစ္စည်းများ အသုံးပြုကာ မိုင်းခွဲထုတ်လုပ် မည်ဖြစ်ကြောင်း၊ ထွက်ရှိလာသော ကျောက်တုံးများအား လူအား/ စက်အားဖြင့် (၆"/၉")၊ (၂"/၄")၊ (၁"/၂")အရွယ်အစား လမ်းခင်းကျောက်များရရှိအောင် ကြိတ်ခွဲပြီး ထွက်ရှိလာသော ကျောက်ဆိုဒ်မျိုးစုံအား ဒေသဖွံ့ဖြိုးရေး၊ လမ်း/တံတား တည်ဆောက် ရေးလုပ်ငန်းခွင်များသို့ ပို့ဆောင်ရောင်းချမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျောက်များအတင်အချလုပ်သည့်နေရာများ၊ ကျောက်စုပုံကွင်းမှ အဝေးပြေး လမ်းမအထိ မြေသားလမ်းအား နှစ်စဉ်ပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊

(၂) ဖုန်မထစေရန် ရာသီဥတုအပေါ် မူတည်၍ ရေဖျန်းခြင်း၊ ယာဉ်၊ ယန္တရားများ အရှိန် ကန့်သတ် မောင်းနှင်ခြင်းများ ဆောင်ရွက်ရန်၊

(၃) ကျောက်ထုတ်လုပ်ငန်းတွင် ဖုန်မှုန့်ပျံ့လွင့်မှုမရှိစေရေးအတွက် အမှုန်အမွှား ထုတ်လွှတ်သော နေရာများ၌ အကာအရံများထားရှိခြင်း၊ သစ်ပင်များ စိုက်ပျိုး ခြင်းအား ဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုးရာသီတွင် ကျောက်ထုတ်လုပ်ငန်းမှ ဖြတ်သန်းစီးဆင်းလာသော ရေများကို အနည်ထိုင်ကန်များတူး၍ ဖြတ်သန်းစီးဆင်းစေခြင်းများ ဆောင်ရွက်ရန်၊

(၂) ရေဆိုး/ ညစ်များစီးဆင်းနိုင်ရေး ရေမြောင်းများ ပြုပြင်ရန်၊ ချောင်းမြောင်းအနီးအိမ်သာဆောက်လုပ်ခြင်းမပြုစေရေး ဆောင်ရွက်ရန်၊

(၃) ဝန်ထမ်းများအသုံးပြုခြင်းမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများနှင့် ရေဆိုးများကို ချောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုစေရေး ဆောင်ရွက်ရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပေါ်ယံမြေဆီလွှာများကို စနစ်တကျစုပုံခြင်း၊ ကျောက်ထုတ်လုပ်ထားသောကျင်းများ၊ ချိုင့်များ ပြန်လည်မြေဖို့ပြီး ဒေသနှင့်ကိုက်ညီသော အပင်များစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(၂) အပေါ်ယံမြေဆီလွှာများကို အလျား ပေ (၃၀)၊ အနံ ပေ(၂၀)ရှိသည့် ယာယီစုပုံရာ နေရာတွင် အမြင့်(၆)ပေအထိသာ စုပုံခြင်းများ ဆောင်ရွက်ရန်၊

(၃) မိုးရာသီတွင် ရေတိုက်စားမှုမဖြစ်စေရေးနှင့် အနည်အနှစ်များပြင်ပသို့ စီးဆင်းခြင်းအား အလွယ်တကူမဖြစ်စေရေးအတွက် ရေနုတ်မြောင်းများ ဖောက်လုပ်ဆောင်ရွက်ရန်၊

(၄) ခွဲကျောက်များစုပုံရာတွင် လျှောစောက်အား (၄၀) ဒီဂရီထက် ကျော်လွန်ခြင်းမရှိစေရေး စုပုံထားရှိပြီး ပမာဏများစွာစုပုံခြင်းအား ဆောင်ရွက်ခြင်းမရှိပဲသတ်မှတ်ထားသော ပမာဏအတိုင်း စုပုံခြင်းများ ဆောင်ရွက်ရန်၊

(၅) မိုးရာသီတွင် ရေတိုက်စားမှုမဖြစ်စေရေးနှင့် ပြိုကျမှုမရှိရေးအတွက် မြေထိန်းနံရံများ တည်ဆောက်ထားရှိဆောင်ရွက်ရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျောက်ခွဲစက်နှင့် စက်ကိရိယာများအား နေ့အချိန်တွင်သာ လည်ပတ်စေခြင်း၊ အချိန်အကန့်အသတ်ဖြင့် လည်ပတ်စေခြင်းတို့ကို စီမံဆောင်ရွက်ရန်၊

(၂) သတ်မှတ်ထားသော အလုပ်နေရာများနှင့် လမ်းများသို့ ကျောက်သယ်ယာဉ်၊ စက်ယန္တရားများသွားလာသည့် အကြိမ်ရေ ကန့်သတ်ခြင်းများ ဆောင်ရွက်ရန်၊

(၃) ဖောက်ခွဲရေးလုပ်ဆောင်မှုများကို တစ်နေ့တာ၏ သတ်မှတ်ထားသော အချိန်တွင် ဆောင်ရွက်ပြီး ကျွမ်းကျင်သော ဝန်ထမ်းများဖြင့် ဆောင်ရွက်ရန်၊

(၄) ယမ်းများအဆမတန်သုံးစွဲခြင်းကို ရှောင်ရှားနိုင်ရေး ယမ်းများအား အတိုင်းအဆနှင့် ဖောက်ခွဲရန်နှင့် မှန်ကန်စွာ အသုံးပြုရန်၊

(၅) အသံလုံမီးစက်များအသုံးပြုရန်နှင့် ဝန်ထမ်းများအား နားအကာအကွယ် အပါအဝင် သင့်လျော်သော တစ်ကိုယ်ရေကာကွယ်မှုပစ္စည်း(PPE) များဖြင့် ဆောင်ရွက်ရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ပစ္စည်းအဟောင်းများ၊ မသုံးစွဲတော့သည့် ပစ္စည်းကိရိယာများ၊ အပို ပစ္စည်းများကို ပြန်လည်သုံးစွဲနိုင်ရေးအတွက် စနစ်တကျစွန့်ပစ်ခြင်း၊ စားကြွင်း စားကျန်များအား တိရစ္ဆာန်အစာနှင့် မြေသြဇာအဖြစ် အသုံးပြုခြင်းများ ဆောင်ရွက်ရန်၊

(၂) စွန့်ပစ်အကြွင်းအကျန်များသည် အနံ့ဆိုးခြင်း၊ အမြင်မလှခြင်း၊ မီးလောင် နိုင်ခြင်း စသည့် ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်ခြင်းမရှိစေရေး စောင့်ကြပ် ကြည့်ရှုခြင်းများ ဆောင်ရွက်ရန်၊

(၃) သုံးစွဲပြီးပစ္စည်းများကို ထပ်မံသုံးစွဲနိုင်ရေးအတွက် စနစ်တကျသိမ်းဆည်း၍ ပြန်လည် သုံးစွဲခြင်း၊ စက်ဆီ၊ ချောဆီအဟောင်းများအား စနစ်တကျ သိမ်းဆည်းစွန့်ပစ်ပြီး၊ လိုအပ်သည့် နေရာများတွင် ပြန်လည်အသုံးပြုခြင်း၊ သက်ဆိုင်ရာ စည်ပင်သာယာရေး အဖွဲ့နှင့်ဆက်သွယ်၍ စွန့်ပစ်ခြင်းများ ဆောင်ရွက်ရန်၊

(၄) စက်သုံးဆီယိုဖိတ်မှုမရှိစေရေး စီမံခြင်း၊ ဘေးဖြစ်စေသော အညစ်အကြေးများ စနစ်တကျ စွန့်ပစ်ခြင်း၊ အမှိုက်များကို သတ်မှတ်ထားသည့် အမှိုက်ပုံး များအတွင်း ခွဲခြားစွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်ရန်၊

(၅) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ထားသည့် နေရာသို့ စနစ်တကျ သွားရောက်စွန့်ပစ်ခြင်းများ ဆောင်ရွက်ရန်၊

(၆) မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လမ်းညွှန်ချက်များအား လိုက်နာ ဆောင်ရွက် ရန်။

(ဇ) **ဇီဝမျိုးစုံမျိုးကွဲများစီမံခန့်ခွဲမှု။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဧရိယာနှင့် ဆက်စပ်ဧရိယာတွင် သစ်တောများပြန်လည်ပြုစု စိုက်ပျိုးခြင်း၊ ဒေသပေါက်အပင်များ စိုက်ပျိုးခြင်းများကို ဆောင်ရွက်ရန်၊

(၂) ဂေဟစနစ်ထိခိုက်မှု မရှိစေရေးအတွက် ကျေးငှက်နှင့် တောနေသတ္တဝါများကို ထိန်းသိမ်းဆောင်ရွက်ရန်၊

(၃) ရေနေသတ္တဝါများအား ဆေးချခြင်း၊ မိုင်းခွဲခြင်းနှင့် ရေစ်ကျချိန် ဖမ်းဆီးခြင်း အား ရှောင်ကြဉ်ရန်။

(ဈ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** ကျန်းမာရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေးအစီအစဉ်နှင့် စပ်လျဉ်း၍ အိမ်သာများကို စနစ်တကျ သန့်ရှင်းစွာထားခြင်း၊

စက်ဆီမှ ပါဝင်သော ဓာတုပစ္စည်းများ စနစ်တကျ စွန့်ပစ်ခြင်း၊ PPE နှင့် First Aid Kid များထားရှိခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ဆေးစစ်ခြင်း၊ ဆေးကုသပေးခြင်း၊ အန္တရာယ်ရှိသည့် နေရာများတွင် ဆိုင်းဘုတ်၊ အမှတ်အသားများ ထားရှိခြင်း၊ အသိပေး ဆိုင်းဘုတ်များတပ်ဆင်ခြင်း၊ သန့်ရှင်းသော သောက်ရေ၊ သုံးရေများ စီစဉ်ပေးခြင်း တို့ကို ဆောင်ရွက်ရမည်။

(ည) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည်-

(၁) ကျောက်ထုတ်လုပ်ခြင်းကြောင့် ဖြစ်နိုင်ခြေရှိသော အန္တရာယ်များနှင့် ပတ်သက်၍ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်၊ မီးဘေး အန္တရာယ်ကင်းရှင်းရေးအစီအစဉ်နှင့် အရေးပေါ်စီမံခန့်ခွဲမှုအစီအစဉ်များအား ဖော်ပြဆောင်ရွက်ရန်၊

(၂) အရေးပေါ်တုံ့ပြန်မှုအစီအစဉ်အတွက် အရေးပေါ်ဆက်သွယ်ရန်ဌာနနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များကို ကပ်ထားခြင်း၊ သူနာပြုဆေးပုံး ထားရှိခြင်း၊ ကယ်ဆယ်ရေး အစီအစဉ်များ ရေးဆွဲခြင်း၊ သင်တန်းပို့ချခြင်း များ ဆောင်ရွက်ရန်။

(ဋ) **မီးဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်းလိုက်နာ ဆောင်ရွက် ရမည်-

(၁) ကျောက်မိုင်းလုပ်ငန်းသုံးယမ်းပစ္စည်းများကို မတော်တဆပေါက်ကွဲမှု မဖြစ်ပေါ် စေရေး စနစ်တကျသိုလှောင်ခြင်း၊ သုံးစွဲခြင်းတို့ ဆောင်ရွက်ရန်၊

(၂) မီးသတ်ရေကန်၊ သဲ၊ မီးချိတ်၊ မီးကတ်၊ မီးသတ်ဆေးဘူးများကို အလွယ်တကူ သုံးစွဲနိုင်ရန် အသင့်ထားရှိဆောင်ရွက်ရန်၊

(၃) ဟောင်းနွမ်း၍ ပေါက်ပြဲနေသော လျှပ်စစ်မီးကြိုးများကို အသစ်လဲလှယ်သုံးစွဲ ဆောင်ရွက်ရန်၊

(၄) မီးငြိမ်းသတ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန်။

(ဌ) **ဘေးအန္တရာယ်ရှိပစ္စည်းများ စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်းလိုက်နာ ဆောင်ရွက်ရမည်-

(၁) အန္တရာယ်ရှိပစ္စည်းများ၏ အနီးတစ်ဝိုက်တွင် မီးလောင်လွယ်သော၊ ပေါက်ကွဲ စေတတ်သောပစ္စည်းများထားရှိခြင်း၊ ဆေးလိပ်သောက်ခြင်း၊ မီးဖိုခြင်း၊ မီးပွား ထွက်စေသည့်အလုပ်များ လုပ်ဆောင်ခြင်းအား တင်းတင်းကြပ်ကြပ် တားမြစ် ဆောင်ရွက်ရန်၊

(၂) အန္တရာယ်ရှိပစ္စည်းများထားရှိသည့် အနီးတစ်ဝိုက်တွင် သင့်လျော်သည့် မီးသတ် ဆေးဘူးထားရှိခြင်း၊ မီးသတ်ရေသိုလှောင်ကန်ထားရှိခြင်းနှင့် လုပ်သားများ

အတွက် လုပ်ငန်းခွင်သုံး ကာကွယ်ရေးအသုံးအဆောင် ပစ္စည်းများ အရန်သင့်ထားရှိဆောင်ရွက်ရန်၊

(၃) အန္တရာယ်ရှိပစ္စည်းများထည့်ထားသည့် ပုံး၊ ခွက်၊ တိုင်ကီစသည်တို့ကို ယိုစိမ့်နေခြင်းရှိမရှိ အမြဲစစ်ဆေးခြင်း၊ ပြုပြင်ခြင်းများ ဆောင်ရွက်သွားရန်၊

(၄) ယမ်းမှုန့်များ အကြွင်းအကျန်များကို စွန့်ပစ်ရန် အမှိုက်ပုံးသီးသန့်ထားရှိခြင်း၊ အခြားသောအမှိုက်များနှင့် ရောနှော၍ စွန့်ပစ်ခြင်းမပြုစေခြင်းနှင့် မြေကြီးပေါ်သို့ လည်းကောင်း၊ ရေထဲသို့လည်းကောင်း စွန့်ပစ်ခြင်းမပြုစေရေး တားမြစ်ခြင်းများ ဆောင်ရွက်ရန်။

(ဉ) **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်ဝင်ရောက်မည့် အလုပ်သမားများအားလုံးကို Uniform, Helmet, Safety Boot, Mask, Glove စသည့် လုပ်ငန်းခွင် တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများကို ပြည့်စုံစွာ ဝတ်ဆင်စေပြီးမှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်ခွင့်ပြု ဆောင်ရွက်ရန်၊

(၂) ကျောက်ထုတ်လုပ်ငန်းခွင်၏ သတ်မှတ်ဧရိယာအတွင်းသို့ ပြင်ပမှ လူ၊ ယာဉ်၊ တိရစ္ဆာန်စသည်ဖြင့် မည်သူမှ ဝင်ရောက်ခြင်းမပြုနိုင်ရန် ကြီးကြပ်သူအား ကြပ်မတ်ဆောင်ရွက်ရန်၊

(၃) ကျောက်မိုင်းခွဲခြင်း မဆောင်ရွက်မီ (၁၅) မိနစ် ကြိုတင်၍ အချက်ပေးခရာမှုတ်ခြင်း၊ အော်ဟစ်အသိပေးခြင်း၊ လက်ကိုင်အသံချဲ့စက်ဖြင့် နှိုးဆော်ခြင်း ဆောင်ရွက်စေပြီး ဘေးအန္တရာယ်ကျရောက်စေနိုင်သည့် ကိုက်(၁၀၀)ခန့်နေရာ၌ လူ၊ ယာဉ်၊ တိရစ္ဆာန်များကို (ယာယီ)တားဆီးခြင်း ဆောင်ရွက်ရန်၊

(၄) မိုင်းခွဲစဉ် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ကွက်နှင့် မိုင်းခွဲမည့်နေရာအား သတိပေးဆိုင်းဘုတ်များ ထားရှိဆောင်ရွက်ရန်။

(ဃ) **ယဉ်အန္တရာယ်ကင်းရှင်းရေးအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) စက်ယန္တရားနှင့် မော်တော်ယာဉ်များအား ဆူညံသံထိန်းကိရိယာများ တပ်ဆင်ခြင်း၊ လုပ်ငန်းခွင်အတွင်း အန္တရာယ်မဖြစ်စေရေး ယာဉ်၊ ယန္တရားများကို လစဉ်ပုံမှန် စစ်ဆေးခြင်း၊ ကျွမ်းကျင်သော ယာဉ်မောင်းများအား မောင်းနှင်စေခြင်းတို့အား ဆောင်ရွက်ရန်၊

(၂) ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ လိုက်နာစေရန် ယာဉ်မောင်းများအား ပညာပေးခြင်း၊ စည်းကမ်းဖောက်ဖျက်သော ယာဉ်မောင်းများအား အရေးယူခြင်းများ ဆောင်ရွက်ရန်၊

(၃) ကျောက်များအတင်အချလုပ်သည့်နေရာများ၊ ကျောက်စုပုံကွင်းမှ အဝေးပြေးလမ်းမအထိ မြေသားလမ်းအား နှစ်စဉ်ပြုပြင်ခြင်း၊ ဖုန်မထစေရေး ရာသီ

ဥတုအပေါ် မူတည်၍ ရေဖျန်းခြင်း၊ ယာဉ်၊ ယန္တရားများမောင်းနှင်သည့် အရှိန်ကို ကန့်သတ်ခြင်းစသည့် ယာဉ်များကြောင့် လူမှုဝန်းကျင်ထိခိုက်မှု မရှိစေရေး စီစဉ်ဆောင်ရွက်ရန်။

(ဏ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးအား လုပ်ငန်းခွင်အတွင်း (N 14° 8'4.59", E 98°18'6.02") တွင် $PM_{10}$, $PM_{2.5}$, NO, $NO_2$ and Ozone စသည့် Parameter များအား (၁) နှစ်လျှင် နှစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) ဆူညံသံနှင့် တုန်ခါမှုအား လုပ်ကွက်အတွင်း (N 14° 8'4.59", E 98°18'6.02") တွင် (၁)နှစ်လျှင် နှစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) သောက်သုံးရေအား လုပ်ကွက်အတွင်း (N 14° 8'17.88", E 98°17'52.37") တွင် pH, Iron, Turbidity, Total Hardness, Total Alkanlinity, Dissolved Solids, Suspended Solid and Total Solids နှင့် စွန့်ပစ်ရေအား လုပ်ကွက်အတွင်း(N 14° 8'5.28", E 98°18'5.90") တွင် pH, BOD, COD, Total Coliform bacteria, Total Phosphorus, Total Nitrogen and Total Suspended Solid စသည့် Parameter များအား (၁)နှစ်လျှင် နှစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၄) ရေတိုက်စားခြင်း၊ မြေပြိုခြင်းများ မဖြစ်ပေါ်စေရေး အပတ်စဉ် စစ်ဆေးခြင်း၊ မီးဘေးကာကွယ်ရေးအတွက် မီးသတ်ပစ္စည်းများအား လစဉ်စစ်ဆေးခြင်းနှင့် ဝန်ထမ်းများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် လစဉ်စစ်ဆေးရန်။

(တ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် မိုင်းပိတ်သိမ်းခြင်း အစီအစဉ်အတွက် တာဝန်ယူ ဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ထ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့်စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဒ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား တစ်ဖက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှု မရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ထိခိုက်မှုလျော့ချရေးအစီအစဉ်အတွက် ရန်ပုံငွေကျပ် သိန်း (၃၀၀)ခန့် လျာထား သုံးစွဲသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေကျပ် သိန်း (၁၅၀) ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) မိုင်းပိတ်သိမ်းခြင်းနှင့် ပြန်လည်ဖွံ့ဖြိုးမှုအစီအစဉ်အတွက် ရန်ပုံငွေကျပ် သိန်း (၁၅၀)ခန့် လျာထား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) လုပ်ငန်း၏ စုစုပေါင်းအမြတ်ငွေမှ (၂) % အား ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွား တိုးတက်ရေးအတွက် သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဓ) **မိုင်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်။** မိုင်းပိတ်သိမ်းခြင်းအစီအစဉ်နှင့် စပ်လျဉ်း၍ လေအရည်အသွေး၊ ဆူညံသံ၊ မြေပေါ်ရေ၊ မြေအောက်ရေအရည်အသွေး၊ မြေဆီလွှာ၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဇီဝမျိုးစုံမျိုးကွဲ၊ လူမှုစီးပွားတို့ အပေါ် သက်ရောက်မှုများ လျော့ပါးအောင်ဆောင်ရွက်မည့် အစီအစဉ်နှင့် သုံးစွဲမည့် လျာထား အသုံးစရိတ် များကို အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှု ဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ ၊မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) ၊ မြန်မာနိုင်ငံအမျိုးသား အဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်း ကတိ ကဝတ် အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော် ရမည့်အပြင် ယင်း၏ကိုယ်စား စီမံကိန်းကို ဆောင်ရွက်ပေးသူ ကန်ထရိုက်တာ နှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများ အားလုံးသည် စီမံကိန်းအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက်များ အားလုံးကို အပြည့်အဝ လိုက်နာ ဆောင်ရွက်ရန်၊

(၂) အစီရင်ခံစာတွင်ဖော်ပြထားသော ကတိကဝတ်များအား အပြည့်အဝ လိုက်နာဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ ကုမ္ပဏီ၏ မူဝါဒများ၊ စီမံကိန်းနှင့် သက်ဆိုင်သော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေတို့ကို လိုက်နာဆောင်ရွက်ရန်၊

(၃) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု 3 dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်နှင့် မည်သည့်ဖောက်ခွဲမှုတွင်မဆို 120 dB Linear ထက် မကျော်လွန်စေရန်၊ မြေတုန်ခါမှုအတွက် 5mm/s (Peak Particle Velocity–ppv) ထက်မကျော်လွန်စေရန်နှင့် ဖောက်ခွဲခြင်းကို နေ့အလင်းရောင်ရှိသည့် အချိန်တွင်သာ ပြုလုပ်ရန်၊

(၅) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၇.၂ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၆) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) အရ စွန့်ပစ်ပစ္စည်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ထားရှိရန်-

(ကက) စွန့်ပစ်ကျောက်များကြောင့် ရေစီးရေလာ ပိတ်ဆို့မှု၊ နုန်းအနည်ကျမှုနှင့် ရေကြီးရေလျှံမှု မဖြစ်စေရန် စွန့်ပစ်မြေစာများကို မြစ်၊ ချောင်း၊ မြောင်းများမှ အနည်းဆုံးပေ (၃၀၀) အကွာတွင် စွန့်ပစ်မြေစာပုံကွင်းများ ပြုလုပ်၍ စနစ်တကျ စွန့်ပစ်ရန်နှင့် ရေစီးရေလာ ပိတ်ဆို့မှုများ မရှိစေရေး ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်၊

(ခခ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်မြေစာများ၊ ဓာတုစွန့်ပစ်ပစ္စည်း၊ လုပ်ငန်း ဆောင်ရွက်ရာတွင် အသုံးပြုသော အင်ဂျင်စက်နှင့် သယ်ပို့ယာဉ်များမှ ထွက်ရှိသည့် စက်သုံးဆီ၊ ချောဆီ၊ အင်ဂျင်ဝိုင်များအား ယိုဖိတ်မှုနည်းစေရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် စနစ်တကျ

အလေအလွင့်အနည်းဆုံးဖြစ်အောင် သုံးစွဲရန်နှင့် မြေပေါ်သို့ စွန့်ပစ်ခြင်း မပြုရန်၊

(ဂဂ) စွန့်ပစ်အမှိုက်များအား လဟာပြင်မီးရှို့ခြင်းများ မပြုလုပ်ဘဲ မြေကျင်းများ တူး၍ စနစ်တကျစွန့်ပစ်ရန်နှင့် အခြားစွန့်ပစ်ပစ္စည်းများအား အမှိုက် အမျိုးအစားများခွဲ၍ စနစ်တကျ စွန့်ပစ်ရန်၊

(ဃဃ) မိုးရာသီ မိုးရွာသွန်းစဉ် စွန့်ပစ်မြေစာပုံမှ မြေတိုက်စား၍ နုန်းအနည် အနှစ်များ အနီးပတ်ဝန်းကျင်သို့ ရေစီးကြောင်းနှင့်အတူ မျောပါခြင်း မရှိစေရန်အတွက် လုံလောက်သော နုန်းဖမ်းကန်များ အဆင့်ဆင့် ထားရှိဆောင်ရွက်ရန်၊

(ငင) စုပုံထားသော အပေါ်ယံမြေဆီလွှာများကို မိုးရေနှင့်အတူ မျောပါမှု မရှိစေရန် မြေထိန်းနံရံ (Retaining Wall) တည်ဆောက်ခြင်းနှင့် မိုးကာများ ဖုံးအုပ်ခြင်း တို့ကို ပြုလုပ်ပေးရန်၊

(စစ) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ် ပစ္စည်းများအား စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေး နိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိဆောင်ရွက် ရန်နှင့် ထွက်ရှိလာသောစွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့် ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်း ရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့် အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု 3 dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၇.၂ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) စီမံကိန်းနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ စံနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ် ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးရေးဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၁၃၊ သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၄၇ (ဃ)၊ ၁၇၀ (ဂ)၊ ၁၇၄၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၈၀၊ ၁၈၁၊ ၁၈၄ (ခ) တို့နှင့်အညီ လိုက်နာ ဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး တို့ကို ဆောင်ရွက်ရန်၊

(၃) ယမ်းဖောက်ခွဲသည့်အချိန်တွင် မိုင်းလုပ်သားများ အကြားအာရုံထိခိုက်မှုမရှိစေရေးအတွက် မိုင်းလုပ်သားများအား (Personal Protective Equipment – PPE) ထောက်ပံ့ပေးရန်။

(င) **သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၁၆၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၂၊ ၁၅၃၊ ၁၅၄ ပါ သတ်မှတ်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ရမည်။

(စ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းရေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဖောက်ခွဲခြင်းလုပ်ငန်းများ အပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့်ဖြစ်နိုင်သော အနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **မိုင်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** မိုင်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင် ဖော်ပြထားသည့် သတ္တုတွင်းပိတ်သိမ်းရာ၌ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်းအဆိုပြုသူသည် လုပ်ငန်းပိတ်သိမ်းရန် စီစဉ်ထားသည့် အချိန်မတိုင်မီ ၁နှစ်ထက်နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ် ဆောင်ရွက်ရန်၊

(၃) ခွင့်ပြုလုပ်ကွက်အတွင်း၌ ဆက်လက်တူးဖော်ခြင်းမပြုတော့ပါက တူးဖော်ထားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများ ဖုံးအုပ်ခြင်း၊ တစ်ကေလျှင် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင် အပင် ၂၀၀ ထက်မနည်း စိုက်ပျိုးခြင်းနှင့် အပင်များ ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက်ရန်။

(ဇ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများ ဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်လိုအပ်သည့်အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ ၇ ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်။

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတားဆီးရန် သို့မဟုတ် လျှော့ချရန်ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ

ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည် တင်ပြရမည်။

(ဂ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့်အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ဃ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း

အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ည) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် အစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို

မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရမည်။ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက် ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်း ကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံး ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှု နိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင် ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင် ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာ စုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည် တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများ ပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက် အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ၎င်းဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေး ဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများ စသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများ ပြည်သူသိရှိနိုင်စေရန်တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံ နိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ၁၀ ရက်

အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘော တူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက် ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင် ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့် အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက် နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာ များကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့် နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအားကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(၅) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အတွက် လျာထားအသုံးစရိတ်ကို အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ထားရှိ သုံးစွဲရမည်-

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ နည်းဥပဒေ ၂၉၊ ၃၀၊ ၃၁ အရ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ်သုံးစွဲသည့် လုပ်ငန်းများမှ

အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ရန်ပုံငွေသို့ ထည့်ဝင်ရန်၊

(၂) သတ္တုတွင်းပိတ်သိမ်းခြင်းကို မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆ ပါ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လိုက်နာ ဆောင်ရွက်ရန်နှင့် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၂ နှင့်အညီ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများအတွက် ရန်ပုံငွေထူထောင် ထားရန်၊

(၃) ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအပေါ် အရည်အသွေးထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက်စေရေးအတွက် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃ တို့နှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေး ရန်ပုံငွေ ထူထောင်ထားရှိရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာ ဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက် ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင် ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည် ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန် တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး

၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ် တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကိုလျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟာစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေး ထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၂ (က) အရ နိုင်ငံတော်ပိုင် ဘဏ်တစ်ခုခုတွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရန်၊ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှု သို့မဟုတ် ထိခိုက်ရန် အလားအလာရှိမှုများကို ကုစားပြင်ဆင်ရန် ချက်ချင်းဆောင်ရွက်သည့် လုပ်ငန်း များတွင် ထိုငွေရေးကြေးရေး အာမခံချက်ကိုအသုံးပြုရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ် / ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသောလွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှု မရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

-----------------------------------------------------------------------